**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ ၅ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများအား တင်ပို့/တင်သွင်းခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏သယံဇာတ ထွက်ကုန်ရွှေသတ္တုအား တရားဝင်တင်ပို့ခြင်းဖြင့် သတ်မှတ်အခွန်အခများ ရရှိစေရန်အတွက်လည်းကောင်း၊ ရွှေဈေးကွက်တရားဝင်ဖြစ်ပေါ်လာစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့် ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား စည်းကမ်းချက်များနှင့်အညီ တင်ပို့/တင်သွင်း ခွင့်ပြုလိုက်သည်။

၂။ ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ပြည်ပသို့တင်ပို့သူ သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းသူများအနေဖြင့် ပူးတွဲပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

၃။ တင်ပို့/ တင်သွင်းခွင့် စည်းကမ်းချက်များအား လိုအပ်သလိုပြင်ဆင် သတ်မှတ်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

(ပုံ)

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ / ၂ - ၃၇ / ၂၀၁၈ ( ၁၈ )
ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

\\172.16.129.34\d\Section (1)\Hluttaw Q & A, Think tank, Legal Team\Gold Export & Import (18-1-2018).docx

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်

## ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင် ပစ္စည်းများ တင်ပို့/ တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းချက်

**နိဒါန်း**

၁။ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိသည်နှင့်အညီ ဝယ်လိုအား ရောင်းလိုအားကိုအခြေခံသော လွတ်လပ်သည့်ဈေးကွက်ကို ဖော်ဆောင်ရာတွင် သဘာဝသယံဇာတ များကို ထိရောက်သော စည်းမျဉ်းစည်းကမ်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိစွာ ရောင်းဝယ်ခွင့်ပြုရေးသည်လည်း အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ သဘာဝသယံဇာတဖြစ်သော ရွှေနှင့်ပတ်သက်၍ လက်ရှိမူဝါဒအရ တင်ပို့မှုပိတ်ပင်ထားသည့် ကုန်စည်စာရင်းအဖြစ် သတ်မှတ်ထားပြီး တင်သွင်းခွင့်ကိုမူ ပိတ်ပင်ကန့်သတ်ခြင်းမရှိသော်လည်း တရားဝင်တင်သွင်းခွင့်ပြုသည့် သတ်မှတ်ချက်များ ထုတ်ပြန်ထားခြင်းမရှိသဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားအရ မှန်ကန်သောဈေးကွက်ကို ဖော်ဆောင်နိုင်မှုမရှိသည့် အားနည်းချက်များနှင့် ကြုံတွေ့နေရပါသည်။

၂။ သို့ဖြစ်၍ ရောင်းလိုအား၊ ဝယ်လိုအားအခြေအနေအရ ဖြစ်ပေါ်လာသော ဈေးကွက်ကို ဖော်ဆောင်နိုင်ပြီး နိုင်ငံတော်၏သဘာဝသယံဇာတကို ထုတ်လုပ်ခြင်းမှသုံးစွဲသည်အထိ ရောင်းချမှု ကွင်းဆက်(Supply Chain) တစ်လျှောက် အကျိုးကျေးဇူးများခံစားရရှိနိုင်စေရန် ရွှေနှင့်ရွှေဖြင့် ပြုလုပ်သော လက်ဝတ်ရတနာများ၊ အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား တရားဝင် တင်ပို့/တင်သွင်းခွင့်ပြုခြင်းအတွက် တိကျရှင်းလင်းသော စည်းမျဉ်းစည်းကမ်း လုပ်ထုံး လုပ်နည်းများ သတ်မှတ်ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင် ပစ္စည်းများအား စည်းမျဉ်းစည်းကမ်းသတ်မှတ်၍ တရားဝင် တင်ပို့/တင်သွင်းခွင့်ပြုခြင်းအားဖြင့် တရားမဝင်ရောင်းဝယ်မှုပပျောက်ပြီး နိုင်ငံတော်၏ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေရရှိစေရန်၊ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို အထောက်အကူပြုစေရန်နှင့် ကမ္ဘာ့ရွှေဈေးကွက်တွင် မြန်မာ့ရွှေထည် ပစ္စည်းများ ထိုးဖောက်ဝင်ရောက်နိုင်စေရန် တို့အတွက် ရည်ရွယ်ပါသည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၄။ ဤစည်းကမ်းချက်အရ တင်ပို့/ တင်သွင်းခွင့်ပြုရန်အတွက် တစ်ဖက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စံချိန်မီရွှေ** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ်အသုံးပြုသည့် စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဂဏီးများ ကို ဆိုသည်။

(ခ) **ရွှေ** ဆိုသည်မှာ စံချိန်မီရွှေမှအပ ပြည်တွင်းဈေးကွက်အတွင်း ရောင်းဝယ်မှုပြုလုပ်နေသည့် ရွှေသန့်စင်မှု ၉၉.၉ ရာခိုင်နှုန်းအောက်ရှိသော ရွှေ (သိပ်သည်းဆ ၁၉.၂၅ အောက်ရှိသည့် ၁၅ ပဲ - ၁၆ ပဲ သို့မဟုတ် ၂၃ ကာရက် - ၂၄ ကာရက်အတွင်း) ရွှေတုံး၊ ရွှေချောင်းကို ဆိုသည်။

(ဂ) **လက်ဝတ်ရတနာ** ဆိုသည်မှာ ရွှေတစ်မျိုးတည်းဖြင့် ပြုလုပ်သော လက်ဝတ်ရတနာကိုသော်လည်းကောင်း၊ ရွှေနှင့်ကျောက်မျက်ရတနာ အချောထည်နှင့် ပြုလုပ်သော လက်ဝတ်ရတနာကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ** ဆိုသည်မှာ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများမှအပ ရွှေဖြင့် ပြုလုပ်ထားသော ရွှေစောင်း၊ ကဲ့သို့သော အနုပညာပစ္စည်းများနှင့် ရွှေဘောပင်၊ ရွှေဖလား ကဲ့သို့သော အသုံးအဆောင်ပစ္စည်းများကို ဆိုသည်။

**တင်ပို့/ တင်သွင်းခွင့်ပြုခြင်း**

၅။ စံချိန်မီရွှေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ **စည်းမျဉ်းနှင့်ညွှန်ကြားချက်** များအရ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပို့ခြင်း/ တင်သွင်းခြင်းကို ဆောင်ရွက်ရမည်။

၆။ ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကို ဤစည်းကမ်းချက်နှင့်အညီ တင်ပို့ခြင်း/ တင်သွင်းခြင်းကို ဆောင်ရွက်ရမည်။

**တင်ပို့/ တင်သွင်းခွင့်ပြုသည့် ကုန်သွယ်မှုလမ်းကြောင်းနှင့်စနစ်များ**

၇။ ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကို တင်ပို့/တင်သွင်းခြင်းအတွက် အောက်ဖော်ပြပါ ကုန်သွယ်မှုလမ်းကြောင်းများဖြင့် ခွင့်ပြုသည် -

(က) ပင်လယ်ရေကြောင်းမှ တင်ပို့ခြင်း/တင်သွင်းခြင်း၊

(ခ) လေကြောင်းမှ တင်ပို့ခြင်း/တင်သွင်းခြင်း၊

(ဂ) နယ်စပ်လမ်းကြောင်းမှ တင်ပို့ခြင်း/တင်သွင်းခြင်း၊

၈။ ရွှေ၊ လက်ဝတ်ရတနာပစ္စည်း၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ခွင့်ပြုထားသည့် နိုင်ငံခြားငွေကြေးဖြင့်သာ L/ C (သို့မဟုတ်) TT စနစ်ဖြင့် ခွင့်ပြုသည်။

**လိုက်နာရမည့် အချက်များ**

၉။ ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား တင်ပို့ခြင်း/တင်သွင်းခြင်း ဆောင်ရွက်ရာတွင် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) **တင်ပို့/ တင်သွင်းခွင့်မှတ်ပုံတင် လျှောက်ထားခြင်း**

ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော **အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ**အား ပြည်ပသို့တင်ပို့ခြင်း/ ပြည်တွင်းသို့တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် တင်ပို့/ တင်သွင်းခွင့်မှတ်ပုံတင်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (နေပြည်တော်) ၌ အောက်ပါအထောက်အထားများနှင့်တကွ လျှောက်ထားရမည် -

(၁) ကုမ္ပဏီ Letter Head ပါ လျှောက်လွှာ

(၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ သတ္တုတွင်း ဥပဒေအရလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ လည်းကောင်း သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ခွင့်ပြုမိန့်၊ ထောက်ခံချက် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့် ( မူရင်း/ မိတ္တူ )

(၃) ကုန်သွယ်မှုလုပ်ငန်းအတွက် နိုင်ငံခြားငွေဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းစာအုပ် ( မူရင်း/ မိတ္တူ )

(၄) ကုမ္ပဏီမှတ်ပုံတင် ( မူရင်း/ မိတ္တူ)

(ခ) **တင်ပို့/တင်သွင်းမည့်ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့်တန်ဘိုး သတ်မှတ်ချက် လျှောက်ထားခြင်း**

တင်ပို့/ တင်သွင်းခွင့် မှတ်ပုံတင်ရရှိသူသည် ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ၏ တင်ပို့/ တင်သွင်းမည့်ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့် တန်ဘိုး တို့အပေါ် ခွင့်ပြုသတ်မှတ်ချက်များ

ရရှိရန်အတွက် **ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ် ထိန်းညှိရေး ကော်မတီ ထံတွင်** လျှောက်ထားရမည်။

(ဂ) **ပို့ကုန်/သွင်းကုန် လိုင်စင်လျှောက်ထားခြင်း**

တင်ပို့/တင်သွင်းခွင့် မှတ်ပုံတင် ရရှိသူသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (နေပြည်တော်) တွင် အောက်ပါအထောက်အထား များဖြင့် ပို့ကုန်/သွင်းကုန်လိုင်စင်ကို လျှောက်ထားရမည် -

(၁) အောက်ပါအချက်များ **ပါဝင်သော** ကုမ္ပဏီ Letter Head ဖြင့် တင်ပို့/ တင်သွင်းခွင့် လိုင်စင်လျှောက်လွှာ (မူရင်း) -

(ကက) ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ် ထိန်းညှိရေးကော်မတီမှ ခွင့်ပြု သတ်မှတ်သော တင်သွင်း/တင်ပို့မှုပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်း နှင့် တန်ဘိုးဖော်ပြချက်၊

( ခခ ) ကုန်သွယ်မှုလမ်းကြောင်း ဖော်ပြချက်၊

( ၂ ) Invoice သို့မဟုတ် Sale Contract မူရင်း။

( ၃) တင်ပို့၊ တင်သွင်းခွင့်မှတ်ပုံတင် ( မိတ္တူ )

( ၄ ) ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ် ထိန်းညှိရေးကော်မတီ၏ သတ်မှတ် စံချိန်စံညွှန်း ကိုက်ညီကြောင်း ထောက်ခံချက် (မူရင်း)

( ၅ ) လိုင်စင်ထပ်မံလျှောက်ထားရာတွင် ယခင်နောက်ဆုံးအကြိမ် တင်ပို့/တင်သွင်း ခဲ့သော အကောက်ခွန်ဦးစီးဌာန၏ ED/ ID ( မူရင်း/ မိတ္တူ )

( ၆) လိုင်စင် ရရှိပြီး၍ တင်ပို့/ တင်သွင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးပါက ကုန်သွယ်မှုအခြေအနေအား ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ် ထိန်းညှိရေး ကော်မတီနှင့် သက်ဆိုင်ရာဌာနများသို့ အစီရင်ခံတင်ပြမည် ဖြစ်ကြောင်း ကတိခံဝန်ချက် ( မူရင်း )

(ဃ) **တင်ပို့/ တင်သွင်းခွင့် လိုင်စင်သက်တမ်း**

တင်ပို့/တင်သွင်းခွင့် လိုင်စင်သက်တမ်းအား မူလလိုင်စင်သက်တမ်းကို လိုင်စင် ခွင့်ပြုသည့်နေ့မှ တစ်လ (ရက် ၃၀)၊ ခွင့်ပြုပြီး သက်တမ်းတိုးခြင်းကို (၁၀) ရက်ဖြင့် စုစုပေါင်း (၄၀) ရက် ခွင့်ပြုမည်။ သက်တမ်းတိုးလျှောက်ထားရာတွင် ဈေးကွက် စောင့်ကြည့်အကဲဖြတ်ထိန်းညှိရေးကော်မတီ၏ ထောက်ခံချက်နှင့်တကွ တင်ပြရမည်။

(င) **တင်ပို့/ တင်သွင်းခွင့် လိုင်စင် ပြန်လည်အပ်နှံခြင်း**

ခွင့်ပြုသက်တမ်းအတွင်း တင်ပို့/ တင်သွင်းခြင်းမရှိသည့် ကုမ္ပဏီများအနေဖြင့် သက်တမ်းကုန်ဆုံးသော လိုင်စင်အား ဆောင်ရွက်ခြင်းမပြုနိုင်သည့် အကြောင်းရင်းများနှင့်တကွ **ကုန်သွယ်ရေးဦးစီးဌာနသို့** မပျက်မကွက် ပြန်လည်အပ်နှံရမည်။

**တားမြစ်ချက်များ**

၁၀။ တင်ပို့/ တင်သွင်းခွင့် မှတ်ပုံတင်ကိုင်ဆောင်သူနှင့် တင်ပို့/တင်သွင်းခွင့်လိုင်စင်ရရှိပြီးသူများသည် အောက်ပါတားမြစ်ချက်များကို လိုက်နာရမည် -

(က) တင်ပို့/တင်သွင်းခွင့်မှတ်ပုံတင်ရရှိသည့်ကုမ္ပဏီသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ ရွှေဈေးကွက်တွင် မသမာမှု များ ဆောင်ရွက်ခြင်းမပြုရ။

(ခ) လိုင်စင်အား လွှဲပြောင်းခြင်း (သို့မဟုတ်) ငှားရမ်းခြင်း (သို့မဟုတ်) ရောင်းချခြင်း မပြုရ။

(ဂ) လိုင်စင်ပါဖော်ပြချက်များအား ပြောင်းလဲပြင်ဆင်ခြင်းမပြုရ။

(ဃ) လိုင်စင်အတု ပြုလုပ်အသုံးပြုခြင်း မပြုရ။

(င) လိမ်လည်ခြင်း (သို့မဟုတ်) မရိုးဖြောင့်သောနည်းလမ်းဖြင့် ပို့ကုန်/သွင်းကုန်လိုင်စင် ရယူခြင်းကို မပြုရ။

(စ) ခွင့်ပြုထုတ်ပေးသော လိုင်စင်ပါဖော်ပြချက်တို့နှင့် ကွဲလွဲ၍ တင်ပို့/တင်သွင်းခြင်း မပြုရ။

(ဆ) တင်ပို့/တင်သွင်းခွင့် လိုင်စင်မရရှိမီ ကြိုတင်၍ တင်သွင်းခြင်း/တင်ပို့ခြင်းများ လုံးဝ မပြုလုပ်ရ။

**တင်ပို့/ တင်သွင်းမှုအား အကောက်ခွန်စစ်ဆေးခြင်း**

၁၁။ ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့် ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများ တင်ပို့ခြင်း/ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်း ဆောင်ရွက်ခြင်း၊ စိစစ်ခြင်းတို့ကို အကောက်ခွန်ဦးစီးဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် ဖြစ်သည်။

၁၂။ **တင်ပို့**/တင်သွင်းလာသော ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်း များ၊ အသုံးအဆောင်ပစ္စည်းများအား အကောက်ခွန်ဆိုင်ရာလုပ်ငန်းများရှင်းလင်းခြင်း မပြုလုပ်မီ အကောက်ခွန်၏ သတ်မှတ်ထားသော **Bounded Warehouse** တွင် ရွှေဈေးကွက်စောင့်ကြည့်

အကဲဖြတ်ထိန်းညှိရေးကော်မတီမှ တင်ပို့/ တင်သွင်း လိုင်စင်ပါဖော်ပြချက်များနှင့် တိုက်ဆိုင်စိစစ်ခြင်းကို ဆောင်ရွက်ရမည်။ လိုင်စင်ပါဖော်ပြချက်များနှင့်ကိုက်ညီပါက ဆက်လက်ဆောင်ရွက်နိုင်ရန် ကိုက်ညီကြောင်း အထောက်အထားကို အကောက်ခွန်ဦးစီးဌာနသို့ ပေးပို့ရမည်။

၁၃။ **ပို့ကုန်/** သွင်းကုန်လိုင်စင်ပါ ဖော်ပြချက်များနှင့် ကွဲလွဲမှုများရှိပါက တင်ပို့/ တင်သွင်းခြင်းဆိုင်ရာတည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အကြောင်းကြားပေးပို့ရမည်။

**အခွန်ပေးဆောင်ခြင်း**

၁၄။ တင်ပို့/တင်သွင်းသူသည်သတ်မှတ်ထားသည့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်အပါအဝင် အခွန်ပေးဆောင်မှုအားလုံးကို သတ်မှတ်ထားသည့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်အကောက်ဆိုင်ရာဥပဒေများနှင့် အကောက်ခွန်ဦးစီးဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထမ်းဆောင်ရမည်။

**ငွေကြေးဆိုင်ရာကိစ္စများဆောင်ရွက်ခြင်း**

၁၅။ ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော **အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ** တင်ပို့/ တင်သွင်းခြင်းတို့တွင် ငွေပေးချေမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

**ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ်ထိန်းညှိရေးကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ**

**၁၆။** ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/ တင်သွင်းခြင်းကြောင့် ပြည်တွင်းငွေကြေးဈေးကွက်ကို ထိခိုက်မှုမရှိစေရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် မြန်မာနိုင်ငံရွှေဗဟိုဈေးကွက်ကော်မတီတို့မှ ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားသော **ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ် ထိန်းညှိရေးကော်မတီ**ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းရမည်။

၁၇။ ကော်မတီသည် နိုင်ငံတော်၏ ငွေကြေးဈေးကွက်ကို ထိန်းညှိနိုင်ရန်အတွက် လည်းကောင်း၊ ပြည်တွင်းထုတ်လုပ်မှု၊ ဝယ်လိုအားနှင့် ရောင်းလိုအားကို ချိန်ညှိနိုင်ရန်အတွက် လည်းကောင်း၊ တင်ပို့/ တင်သွင်းခွင့်ပြုမည့် ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့် တန်ဘိုးကိုကို သတ်မှတ်၍ ခွင့်ပြုပေးရမည်။

၁၈။ ထို့အပြင် ကော်မတီသည် တရားမဝင်ရောင်းဝယ်ခြင်းကိုထိန်းချုပ်ပြီး နိုင်ငံတော် အခွန်ငွေ မှန်ကန်စွာ ဝင်ရောက်မှု ရှိမရှိကို စိစစ်နိုင်စေရန်အတွက်လည်းကောင်း၊ တင်သွင်း/တင်ပို့ခွင့်မှတ်ပုံ တင်ရရှိသည့် ကုမ္ပဏီများ၏ လုပ်ငန်းနှင့်ဘဏ္ဍာရေးအခြေအနေကို သုံးသပ်နိုင်ရန်အတွက် လည်းကောင်း တင်ပို့၊ တင်သွင်းခြင်း၊ ပြည်တွင်းရောင်းဝယ်ခြင်းနှင့်ဈေးနှုန်း၊ ဈေးကွက် အစရှိသည် တို့ကို စိစစ် အကဲဖြတ်၍ ထိရောက်စွာထိန်းညှိဆောင်ရွက်သွားရမည်။

၁၉။ အပိုဒ် (၁၈) ပါ အချက်များကို ဆောင်ရွက်နိုင်ရန်အတွက် **ရွှေဈေးကွက် စောင့်ကြည့် အကဲဖြတ် ထိန်းညှိရေးဆပ်ကော်မတီ(၃)ခုကို ဖွဲ့စည်း၍** အောက်ပါလုပ်ငန်းတာဝန် တစ်ခုချင်းစီအား ဆောင်ရွက်ရန် တာဝန်ပေးရမည် -

(က) တင်ပို့/ တင်သွင်းခွင့် မှတ်ပုံတင်ထားသော ကုမ္ပဏီများ၏ တင်ပို့/ တင်သွင်းခြင်း အစီရင်ခံစာအား စိစစ်၍ စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်မှုအခြေအနေတို့အား လစဉ် သုံးသပ်တင်ပြခြင်း၊

(ခ) ရွှေထုတ်လုပ်မှု၊ ဈေးကွက်နှင့် ဈေးနှုန်းအခြေအနေများနှင့် အလားအလာများနှင့် ပတ်သက်သော စာရင်းအချက်အလက်များအား ထိန်းသိမ်းထားရှိခြင်းနှင့် လစဉ် သုံးသပ်တင်ပြခြင်း၊

(ဂ) တင်ပို့/ တင်သွင်းခြင်း လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရကုမ္ပဏီများ၏ အခွန် ထမ်းဆောင်မှု၊ ဈေးကွက်တွင် မှန်ကန်စွာ ဆောင်ရွက်ခြင်း ရှိ/မရှိ အပါအဝင် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေစာရင်းဇယားတို့ကို လစဉ်စာရင်းချုပ်ပြုစု၍ တင်ပြခြင်း။

၂၀။ ကော်မတီသည် ဆပ်ကော်မတီများမှ တင်ပြချက်များအပေါ် စိစစ်သုံးသပ်၍ ပြည်တွင်း ထုတ်လုပ်မှု၊ ဈေးကွက်ဈေးနှုန်းများအရ ကုမ္ပဏီများ၏ လိုင်စင် လျှောက်ထားလာသည့် တင်ပို့/ တင်သွင်းခြင်းအတွက် ခွင့်ပြုမည့် ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့် တန်ဖိုးတို့ကို သတ်မှတ်၍ ခွင့်ပြုထောက်ခံပေးရမည်။

**စစ်ဆေးခြင်းနှင့် အရေးယူခြင်း**

၂၁။ တင်ပို့/တင်သွင်းသူများသည် တင်ပို့/တင်သွင်းမှု လုပ်ငန်းစဉ်များတွင် စည်းကမ်းချက် များကို လိုက်နာခြင်း ရှိမရှိနှင့် ဈေးကွက်တွင် မှန်ကန်စွာဆောင်ရွက်ခြင်း ရှိမရှိ တို့အား ဈေးကွက် စောင့်ကြည့် အကဲဖြတ်ထိန်းညှိရေးဆပ်ကော်မတီများမှ အခါအားလျော်စွာစစ်ဆေးခြင်း၊ စိစစ် ကြပ်မတ်ခြင်းကို ခံယူရမည်ဖြစ်သည်။

၂၂။ တင်ပို့/ တင်သွင်းသူများသည် တင်ပို့/တင်သွင်းမှုနှင့်ပတ်သက်သော ဖော်ပြပါ စည်းကမ်း သတ်မှတ်ချက်များအား လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ရွှေဈေးကွက်တွင်

မသမာမှုများဆောင်ရွက်ကြောင်း **ပထမအကြိမ် စိစစ်တွေ့ရှိရပါက သတိပေးခြင်း၊ ဆက်လက်ဖောက်ဖျက်ကျူးလွန်ကြောင်း ဒုတိယအကြိမ် စိစစ်တွေ့ရှိရပါက** တင်ပို့/တင်သွင်း ခွင့်မှတ်ပုံတင်အား ရုပ်သိမ်းခြင်းနှင့် တင်ပို့/ တင်သွင်းခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများအရ အရေးယူခြင်းကို ခံရမည်။

၂၃။ တင်ပို့၊ တင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဌာနများ၏ ဆက်စပ်လုပ်ငန်းကဏ္ဍများအလိုက် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက **သက်ဆိုင်ရာ** ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ အရေးယူဆောင်ရွက်ခြင်းကို ခံရမည် ဖြစ်သည်။

**အခကြေးငွေနှုန်းထားများ**

၂၄။ **တင်ပို့တင်သွင်းခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ပေးသွင်းရမည့် အခကြေးငွေများဖြစ်သည့် မှတ်ပုံတင်ကြေး၊ ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေး၊ သက်တမ်းတိုးကြေးတို့အား အခြားကုန်ပစ္စည်းများအပေါ် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေနှုန်းထားများနှင့် တစ်ပြေး ညီသတ်မှတ်သည်။**

၂၅။ **လိုင်စင်လျှောက်ထားရာတွင် ပေးသွင်းရမည့် လိုင်စင်ကြေး၊ လိုင်စင်ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေး၊ သက်တမ်းတိုးကြေးစသည့် အခကြေးငွေများအား အခြားကုန်ပစ္စည်းများအပေါ် သတ်မှတ်ကောက်ခံသည့် သွင်းကုန်/ ပို့ကုန် လိုင်စင်ကြေးနှုန်းထားများနှင့် တစ်ပြေးညီ သတ်မှတ်သည်။**

**အထွေထွေ**

၂၆။ ရွှေသည် နိုင်ငံတော်ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ဆက်စပ်နေသည့် ကုန်စည်ဖြစ်သဖြင့် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် စီးပွားရေးအခြေအနေအရ ရွှေ၊ လက်ဝတ် ရတနာများ၊ ရွှေဖြင့် ပြုလုပ်သည့် **အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ**တင်ပို့/တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းချက်ကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်လာပါက ပြင်ဆင်ဆောင်ရွက်**သွားမည်**။